AUSCO

ဩစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့် အကျွမ်းဝင်ရေးဆိုင်ရာ အစီအစဉ် သင်တန်း

# ဩစတြေးလျားရှိ အားလပ်ရက်များ

လွယ်ကူစွာ ဖတ်ရှုစရာ


## ကျောင်းအားလပ်ရက်များ




ဩစတြေးလျား၌ ကျောင်းများသည် ဇန်နဝါရီလကုန် သို့မဟုတ် ဖေဖော်ဝါရီလဆန်းတွင် ဖွင့်လှစ်ပါသည်။

**4**

ကျောင်း စာသင်ကာလ အပိုင်းအခြား 4 ခုရှိသည်





စာသင်ကာလ အပိုင်းအခြားတစ်ခုစီသည် အများအားဖြင့် 10 ပတ် ကြာမြင့်ပါသည်။




စာသင်ကာလတစ်ခုစီအဆုံး၌ အနားယူ ကျောင်းပိတ်ရက် 2 ပတ်ရှိပါသည်။

၎င်းတို့ကို ကျောင်းအားလပ်ရက်များဟုခေါ်သည်။




ကျောင်းအားလပ်ရက်များသည် အများအားဖြင့်

- ဧပြီလ
- ဇူလိုင်လ နှင့်
- အောက်တိုဘာလ တို့ဖြစ်သည်




ကျောင်းစာသင်နှစ်ကုန်ဆုံးသည့်အခါ၌ ကာလကြာမြင့်သော အနားယူရက်များရှိသည်။

၎င်းမှာ 6 ပတ်ခန့် ကာလကြာအတွက်ပြီး ဩစတြေးလျား၏ နွေရာသီ လများအတွင်းကျသည်။




ဒီဇင်ဘာလတွင်စတင်သည်။




ဇန်နဝါရီလကုန် သို့မဟုတ် ဖေဖော်ဝါရီလဆန်းတွင် ကုန်ဆုံးသည်။



ပြည်နယ်များအကြား အောက်ပါနေ့စွဲများ အတွက် ခြားနားချက်ရှိသည်

- ကျောင်းစာသင်ကာလ
- ကျောင်းအားလပ်ရက်များ တို့ဖြစ်သည်

# အစိုးရ ရုံးပိတ်ရက်များ




အစိုးရ ရုံးပိတ်ရက်များတွင် ကျောင်းများ နှင့် အစိုးရ ဝန်ဆောင်မှု အဖွဲ့အစည်းအများစု ပိတ်ကြပါသည်။



ဆိုင် အမြောက်အမြား ဖွင့်ထားကြပါသည်။



ဩစတြေးလျားတစ်ခွင်လုံး၌
အစိုးရရုံးပိတ်ရက်အချို့ရှိသည်။



ခြားနားသောပြည်နယ်များတွင် ၎င်းတို့
အစိုးရရုံးပိတ်ရက်များ သပ်သပ်စီရှိကြသည်။




ပြည်နယ်အများစု၌ ဘုရင်မ မွေးနေ့ကို ဇွန်လတွင်
ကျင်းပကြသည်။



အစိုးရရုံးပိတ်ရက်အချို့၏ နေ့စွဲများ နှစ်စဉ်ပြောင်းလဲသည်။




ခရစ်တော်ထမြောက်တော်မူခြင်း (Easter) နှင့်ဆိုင်ရာ အားလပ်ရက်များသည် မတ်လ သို့မဟုတ် ဧပြီလတွင်ဖြစ်နိုင်သည်။



Easter အားလပ်ရက်များတွင် ပါဝင်သည်တို့မှာ၊

- ခရစ်တော်ထမြောက်တော်မူခြင်း အထိမ်းအမှတ် သောကြာနေ့ (Good Friday)
- ခရစ်တော်ထမြောက်တော်မူခြင်း အထိမ်းအမှတ် တနင်္ဂနွေနေ့ (Easter Sunday)
- ခရစ်တော်ထမြောက်တော်မူခြင်း အထိမ်းအမှတ် တနင်္လာနေ့ (Easter Monday) တို့ဖြစ်သည်

ဤရက်များသည် ခရစ်ယာန်ဘာသာဝင်များအတွက် အရေးကြီးသောနေ့များဖြစ်သည်။

# ဇန်နဝါရီလ 1 ရက်နေ့

တစ်ပြည်လုံးဆိုင်ရာ အစိုးရ ရုံးပိတ်ရက်များစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဇန်နဝါရီလ 1 ရက်နေ့
နှစ်သစ်ကူးနေ့ (New Year's Day)

ပြက္ခဒိန် နှစ်သစ်၏ အစဖြစ်သည်။



ဇန်နဝါရီလ 26 ရက်နေ့
ဩစတြေးလျားနေ့ (Australia Day)



ဧပြီလ 25 ရက်နေ့
“အန်ဇက်”နေ့ (ANZAC)

စစ်ပွဲများတွင် ပါဝင်ဆင်နွှဲခဲ့ကြသူများအား ကျွန်ုပ်တို့သတိရကြသည်



ဒီဇင်ဘာလ 25 ရက်နေ့
ခရစ်စမတ်နေ့

ဤရက်သည် ခရစ်ယာန်ဘာသာဝင်များအတွက်
အရေးကြီးသောနေ့တစ်ခုဖြစ်သည်။



ဒီဇင်ဘာလ 26 ရက်နေ့
ခရစ်စမတ်ပြီး နောက်တစ်ရက်(Boxing Day)

ခရစ်စမတ်နေ့ ကျင်းပပြီးနောက်တစ်ရက်တွင်
လူများအတူတူ ပျော်ရွှင်စွာ
အချိန်ကုန်လွန်ရန်အတွက်ဖြစ်သည်။

Australian Government
Department of Social Services

ဩစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏
ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ
အဖွဲ့အစည်း မှ ပို့ချပေးသည်။

IOM • OIM